# မင်္ဂလာဆောင်ကျည်ဆံ

Curtis Peter Van Gorder

ပင်လယ်ကမ်းခြေဟိုတယ်တစ်ခုတွင် ဇနီးသည်နှင့်အတူ တည်းခိုနေသောအချိန် အေးချမ်းသော ညနေခင်းလေပြေလေညင်းအရသာကို ခံစားရန် ကျွန်တော်၏ ဇနီးသည်နှင့်အတူ ပင်လယ်ကမ်းခြေအနီး လမ်းလျှောက်ထွက်ခဲ့ကြသည်။ တနေ့တာ လုပ်ငန်းဆောင်တာများကို လုပ်ဆောင်အပြီးတွင် လှိုင်းများ၏ ငြင်သာသော ရိုက်ခတ်သံနှင့်အတူ အလွန်ဝေးသော ကမ်းခြေမှ တလက်လက် တောက်ပလျက်ရှိသော မီးရောင်လေးများက ကျွန်တော်တို့၏ ပင်ပန်းနွမ်းနယ်မှု မှန်သမျှကို လျော့ပါး ပျောက်ကွယ်သွားစေခဲ့သည်။

ရုတ်တရက်ဆိုသလို ထွက်ပေါ်လာခဲ့သော အချက်ပေး ဥသြသံ၊ ထိတ်လန့်တကြား အော်ဟစ်သံများနှင့် ယောကျာ်းကြီးများ၏ အရေးတကြီး သဘော်ဆိပ်ခံတံတားပေါ် ပြေးလွှားသံများက ကျွန်တော်တို့၏ အေးချမ်းမှုကို ဖျက်ဆီးပစ်လိုက်သည်။ တဆက်တည်းမှာပင် လူငယ်တစ်ဦးကို လူနာတင်ကားပေါ်တင်လိုက်ကြပြီး ကဗျာကယာ မောင်းထွက်သွားသည်ကို ကျွန်တော်တို့ တွေ့လိုက်ရသည်။

နောက်များမကြာမီ ထိုလူငယ်က ကမ္ဘာလှည့်ခရီးသည် တစ်ဦး ဖြစ်ပြီး ဆိပ်ခံတံတားပေါ်ရပ်လျက် လေညင်းခံနေစဉ် ကောင်းကင်ပေါ်မှ ကျလာသော ကျည်ဆံထိမှန်ခြင်းကို ခံလိုက်ရခြင်းဖြစ်သည်။ ထိုကျည်ဆံကလည်း အခြား ပင်လယ်ကမ်းခြေ ဟိုတယ်တစ်ခု၏ မင်္ဂလာဆောင်ပွဲမှ ပစ်လိုက်သော ကျည်ဆံဖြစ်ကြောင်းသိရသည်။ ကျည်ဆံက သူ၏ ဦးနှောက်ကို ဖောက်သွားခဲ့သော်လည်း အရေးကြီးသည် အစိတ်အပိုင်းများကို မထိခဲ့။ အကယ်၍ မည်သည့်ဘက်သို့မဆိုမီလီမီတာအနည်းငယ်မျှ တိမ်းစောင်းခဲ့လျှင် ဤလူငယ်လေးအနေနှင့် ယခုလို အသက်ရှင် စရာအကြောင်းမရှိတော့။ ဤဒေသတွင် မင်္ဂလာဆောင်ပွဲများမှ ပစ်လိုက်သော မမျှော်လင့်သည့် ကျည်ဆံများကြောင့် ဖြစ်ပွားရသောမတော်တဆထိခိုက်မှုများက အလွန်ပင် စိုးရိမ်စရာ ကောင်းလှသော ပြဿနာများဖြစ်သည်။ ကြေငြာချက်များကို ထုတ်သည်။ ဥပဒေများလည်း ထုတ်ပြန်သည်။ ပြစ်ဒဏ်ငွေများကိုလည်း ချမှတ်သည်။ သို့-သော်လည်း မင်္ဂလာဆောင်တွင် သေနတ်များကို ပစ်ဖောက်ခြင်းက အချို့သောသူများအတွက် အလွန်ဖျောက်ဖျက်ရခက်သော ဓလေ့ထုံးစံတစ်ခုကို ဖြစ်နေခဲ့သည်။

အမှတ်တမဲ့၊ မဆင်မခြင် ပြောလိုက်မိသော စကားများသည်လည်း ဤလမ်းလွဲလာသော ကျည်ဆံများနှင့်တူသည်။ အကြင်နာမဲ့သော စကားများကိုပျော်စေ၊ ပျက်စေသောသဘောမျိုးဖြင့် ပြောလိုက်သော်လည်း အလွန်ခရီးပေါက်ပြီး တော်ရုံတန်ရုံ နှင့် ပျောက်မသွားနိုင်သော အကျိုးဆက်များကို ဖြစ်စေသည်။ အတင်းအဖျင်း ပြောလိုက်သည့် အခြင်းအရာလေးတစ်ခုက ဘဝအသက်တာတစ်ခုကို ဖျက်ဆီးပစ်နိုင်သောကြောင့် ကျွန်ုပ်တို့အနေနှင့် ပေါက်တတ်ကရ ဆင်ခြင်တုံမဲ့ ပြောဆိုမည့်အစား ပြောဆိုသည့်အရာတိုင်းတွင် သတိထားလျက် ဆုတောင်းခြင်းနှင့် ပြည့်ဝရန် လိုအပ်ပါသည်။

# လူသစ် The newcomer

Elisabeth Sichrovsky

ပလက်ဖောင်းဘောင်ပေါ်ရပ်လျက် နံနက်တိုင်း မိမိ Dubuque အထက်တန်းကျောင်းသို့သွားရန် စီးနေကျ ကျောင်းကားကို စောင့်နေခဲ့သည်။ နံနက် ရုံးတက်ချိန်ဖြစ်၍ ကားများ သွားလာသည့်အသံကလည်း အထက်မိုးကောင်းကင် တိမ်တိုက်မဲကြီးများထဲမှ ခြိမ်းသံများအလား ဆူညံလျက်ရှိနေသည်။ ထိုအချိန်မှာဘဲ လေဘရိတ်ဖမ်းသံနှင့်အတူ ကျွန်မ စောင့်ဆိုင်းလျက်ရှိသည့် ကျောင်းကား ရောက်ရှိလာသောကြောင့် ကားပေါ် တက်လှမ်းလိုက်ချိန်မှာပင် မိုးပေါက်အနည်းငယ် ကျလာခဲ့သည်ကို သိရှိခံစားလိုက်ရသည်။ ကားတံခါး ပိတ်လိုက်သော အချိန်တွင် အပြင်ဘက်မှကားသံ၊ မိုးသံများကိုကားထဲမှကျွန်မ အတန်းသူအတန်းသားများ၏ ဆူဆူညံညံ စကားပြောသံများက လွှမ်းမိုးသွားခဲ့သည်။

မိုးသဲကြီးမဲကြီး ရွာသွန်းနေသည့်ကြားမှ ခရီးလမ်း ထက်ဝက်-ခန့်တွင် တကြိမ်တခါမျှ မရပ်နားခဲ့ဖူးသည့် လမ်းထောင့် တနေရာတွင် ကျောင်းကား က ထိုးရပ်လိုက်သောကြောင့် ကားပေါ်တွင်ပါသော ကျွန်မနှင့် မိန်းကလေးအ
ဖော်များ တစ်ဦးမျက်နှာတစ်ဦး စူးစမ်းသောအကြည့်များဖြင့် ကြည့်လိုက်မိသည်။

ကားတံခါး ပွင့်သွားသော အချိန်မှာပင် ကျောင်းသူတယောက် ကားပေါ်သို့ ကသောကမျော တက်လှမ်းလာခဲ့သည်ကို ကျွန်မတို့အားလုံး တွေ့လိုက်ရသည်။ မိုးရေများက သူမ၏ ကြိုးနှင့်တူသော ဆံပင်များ၊ သူမ၏ နာခေါင်းထိပ် စသည်တို့မှ စီးကျလျက် ရှိနေခဲ့သည်။ သူမ၏ ဝိုင်းစက်သော မျက်နှာပေါ်တွင် မဲ့ခြောက်များကလည်း အထင်းသားနှင့်၊ တဖန်ထူထဲသော မျက်မှန်ဝိုင်းကြီးကို တပ်ဆင်ထားပြီး ရေစိုနေသော အဝတ်အစားများကြောင့် ပိန်လှီသေးသွယ်လှကြောင်းကို မြင်သာသည်။ သူမက ကား၏ လူသွားလမ်းပေါ် ပုံမကျပန်းမကျ လျှောက်လှမ်းနေရင်း သူမကို အများက ဝိုင်းကြည့်နေကြောင်းအား မသိဟန်ဆောင်နေခဲ့သည်။

တိတ်ဆိတ်ခြင်းကို ရုတ်တရက်ဆိုသလို မထီလေးစား ကျိတ်၍ ရယ်မောသံများ၊ တီးတိုးပြောသံများက ဖြိုခွင်းလိုက်သည်။ 'ရှီးနာ'က ကျွန်မကို တံတောင်ဖြင့် တွက်လိုက်ရင်းက "ဘုရားရေ… ကျောင်းတော်ကြီးရဲ့ အလှဘုရင်မအတွက် ယှဉ်ပြိုင်ဘို့ လူသစ်တစ်ယောက် တိုးလာပြီ…"

ပြုံးရယ်ရန် ကျွန်မ ကြိုးစားခဲ့သော်လည်း ထိုသို့ ပြုလုပ်၍ မရနိုင်သည့်အပြင် ရင်ထဲမှ ဖြစ်ပေါ်လာသော နာကျင်မှု ဝေဒနာကို ဖယ်ထား၍ မရနိုင်အောင် ဖြစ်နေခဲ့သည်။ ဤမြင်ကွင်းက ကျွန်မကို မငြိမ်မသက် ဖြစ်စေခဲ့ပါပြီ။

ကျွန်မ၏ ပခုံးပေါ်မှ ကျော်၍ ထိုလူသစ်ရှိရာ တိတ်တခိုး ကြည့်လိုက်မိသည့်အချိန်မှာပင် သူမကလည်း ခေါင်းငုံ့ထားရာမှ မော့အကြည့်နှင့် ဆုံသွားခဲ့သည်။ မျက်လုံးခြင်း ဆုံမိသည့် ထိုတဒင်္ဂအချိန်လေးတွင် သူမ၏ နှလုံးသားအတွင်းမှ နာကျင်ခြင်းဝေဒနာကို သူမ၏ မျက်လုံးများက မဖုံးကွယ်ထားနိုင်ကြောင်း တွေ့လိုက်ရသော ကျွန်မအဖို့ တကိုယ်လုံး သွက်သွက်ခါ တုန်လှုပ်သွားခဲ့ရသည်။

အလန့်တကြားနှင့် ပြန်လှည့်လိုက်ပြီးနောက် ပြတင်းပေါက် မှန်ပေါ် စီးကျနေသည့် မိုးရေပေါက်များကို ငေးကြည့်နေမိသည်။ ရင်တွင်းမှ နာကျင်မှု ဝေဒနာက ရှိနေဆဲဖြစ်နေရာမှ ပို၍ပင် ဆိုးဝါးလာခဲ့ရသည်။ ကျွန်မ၏ တစိတ်တဒေသက ထိုလူသစ်ရှိရာ လက်လှမ်းလိုစိတ် ရှိနေသော်လည်း ကျန်တကိုယ်လုံးက အငြင်းအပွား ပြုနေခဲ့သည်။ "နင်ဘာတွေ တွေးနေတာလဲ? . . . နင်ဒီလိုလုပ်လို့ နင့်သိက္ခာဘယ်လိုဖြစ်သွားမလဲ?.တခြားမိန်းကလေးတွေအားလုံးနဲ့ ရပ်တည်လိုက်ရင် ဘာဖြစ်လဲ"

ကျောင်းသို့ ရောက်လာပြီဖြစ်၍ အယောက် ၄၀ မျှရှိသော ကျောင်းသားတို့၏ နေရာမှ ထလိုက်သည့်အသံ၊ ရွှေ့လျားကြသည့် ဆူညံသံများက ကျွန်မကို မိမိအတွေးများမှ လှုပ်နိုးလိုက်သည်။ ကျွန်မ၏ စိတ်မပြောင်းမီ မိမိနေရာမှ ထလိုက်ပြီး ကားနောက်ဘက် ထိုင်ခုံများဆီသို့ လျှောက်သွားလိုက်သည်။

မိမိအနေနှင့် သာမန် သမရိုးကျ အသံအနေအထားဟု ထင်ရသော အသံဖြင့် ကျွန်မက "ဟေ့…ဒီမှာ…ငါ့နာမည်က လီဇာဘဲ… နင့်နာမည်က ဘာလဲ?"ဟု ပြောလိုက်သည်။

"ငါ့နာမည်က အယ်နီပါ"ဟု သူမက ပြန်ဖြေလာသည့် အချိန်မှာတော့ သူမ မျက်နှာပေါ်ဝယ် စိတ်သက်သာရာ ရရှိမှုကို အထင်းသား မြင်နိုင်သလို ကျွန်မ ဘယ်သောအခါမျှ မမေ့နိုင်မည့် သူမ၏ မျက်လုံးများထဲမှ ထိုအကြည့်တွင် အတိုင်းအဆမရှိ ကျေးဇူးတင်သည့် အမူအရာကို တွေ့မြင်နေရသည်။

ရုတ်တရက်ဆိုသလိုအံ့အားသင့်မှုကြောင့် မြင့်တက်သွားသောမျက်ခုံးများ၊ လှောင်ပြောင်ကဲ့ရဲ့သောအကြည့်များ စသည်တို့ကို ကျွန်မ ဂရုမစိုက်နိုင်တော့၊ နောက်ထပ်ရောက်လာသူနှင့်အတူ ကျွန်မအပေါ်သို့ ဦးတည်ကျရောက်နေကြောင်းသိပါလျက်နှင့် ထိုအကြည့်များကို လျစ်လျူပြုလိုက်သည်။

မိမိမည်မျှ ကောင်းမွန်ကြောင်းကို တိုင်းသည့် အတိုင်းအထွာသို့မဟုတ် လူကြားထဲအမြင်ကောင်းစေရန် မည်ကဲ့သို့ပြုရမည်ဆိုသည်တို့ထက်ပို၍ ကြီးမြတ်သော၊ ပို၍ စစ်မှန်သော အရာတစ်ခုကို ကျွန်မ တွေ့ရှိရပြီ ဖြစ်သည်။ စစ်မှန်သော မိတ်ဆွေတ ဦးကို ကျွန်မ တွေ့ရှိခဲ့ရပြီ ဖြစ်သည်။

ခိုက်ရန်ဖြစ်ပွားစေနိုင်သည်မှာ အမှတ်တမဲ့ပြောလိုက်သည့်စကား၊
ဘဝတစ်ခုလုံးကို ဖျက်ဆီးနိုင်သည်က အကြင်နာမဲ့ ရက်စက်သည့် စကား၊
ခါးသီးနာကျည်းစရာစကားက မုန်းတီးမှုကို ဖြစ်စေရာ
ထိုးနှက်သတ်ဖြတ်နိုင်သည်မှာ ရိုင်းစိုင်းကြမ်းကြုတ်သည့်စကား သာ၊
ချိန်ခါနှင့်ဆီလျော်သောစကားက ဖိစီးမှုကို လျော့ပါးစေနိုင်ရာ၊
ကုစားပြီး ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံစေသည်မှာ
မေတ္တာပြည့်ဝသော စကားတစ်ခွန်းသာ။ (ရေးသူ- အမည်မသိ)